Global Justice Center
Human Rights Through the Rule of Law

BURMA LAWYERS' COUNCIL

With the support of
fidh
International Federation for Human Rights

၂၀၀၈ ခုနှစ်၊ မေလ ( ၂၂ )ရက်

# မြန်မာပြည် ၏ ကပ်ဘေး ဒုက္ခ (သို့ ) နိုင်ငံတကာ အသိုင်းအဝိုင်းအား နိုးကြားစေခြင်း

## စစ်အစိုးရ၏ ဆိုးဝါးစွာကျူးလွန်သော ရာဇဝတ် ပြစ်မှုများ အဆုံးသတ်ရန် အချိန်တန်ပြီ

နာဂစ် ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ကြောင့် ဒုက္ခရောက်သူများကို ကူညီကြမည့် နိုင်ငံတကာ အကူအညီများကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က ငြင်းပယ်ခဲ့သည်မှာ အံ့ဩစရာ မဟုတ်ပါ။ ဤ အကူအညီပေးရေး အထောက်အပံ့များ ကို လျစ်လျူရှုခြင်း၊ ငြင်းပယ်ခြင်းသည် အာဏာရှင်များ၏ ကျူးလွန်သော ရာဇဝတ်မှုများထဲမှ အစိတ်အပိုင်းတစ်ခု (သို့) ကျူးလွန်သူများ၏ သဘာဝတစ်ခုသာ ဖြစ်သည်။ ဤ ငြင်းဆို၊ လျစ်လျူရှုမှု များသည် စစ်အစိုးရ၏ ဆယ်စုနှစ်များစွာ စနစ်တကျ ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖေါက်မှုများ၊ လူသားမဆန် ကျူးလွန်သော ရာဇဝတ်မှုများ နှင့် ထိုရာဇဝတ်မှုများ ကို ပြင်ပကမ္ဘာက တွေ့ မြင် ကြမည်ကို စိုးရိမ်လွန်ခြင်းကြောင့်လည်း ဖြစ်ပေသည်။ မြန်မာပြည်၏ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဆိုးများ နှင့် ပတ်သက်၍ ဥရောပသမဂ္ဂပါလီမန်က ယနေ့ ဆုံးဖြတ်သော ပူးတွဲဆုံးဖြတ်ချက်များ ထဲတွင် စစ်အစိုးရသည် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တာဝန်ရှိသောကြောင့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားခုံရုံး မှ အရေးယူသင့်သည်ဟု ဖေါ်ပြခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် ဤအချက်ကို အထူးကြိုဆိုလိုက်သည်။ ထို့အပြင် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားခုံရုံး မှ အရေးယူရာ၌ မြန်မာစစ်အစိုးရ၏ ဆက်လက်ကျူးလွန်လျက် ရှိနေသော ညှဉ်းပမ်းနှိပ်စက်မှုများ၊ တိုင်းရင်းသား အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာကျူးလွန်မှုများ၊ အတင်းအကြပ် လုပ်အားပေး ခိုင်းစေမှုများ၊ သတ်ဖြတ်မှုများ၊ အစုအပြုံအလိုက် ထောင်သွင်းအကျဉ်းချမှုများ၊ အရွယ်မရောက် သေး သော ကလေးများအား အတင်းအကြပ် စစ်မှုထမ်းစေမှုများ အစရှိသောရာဇဝတ်မှုများ အတွက်ပါ အရေးယူစေရမည် ဖြစ်ပါသည်။

ဆိုးရွားလှသော ရာဇဝတ်ပြစ်မှုများကို ကျူးလွန်နေသော အစိုးရတစ်ရပ်သည် နိုင်ငံတကာ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက် ခြိမ်းခြောက် စေနိုင်သည်ဟူသော နိုင်ငံတကာ၏ တူညီသောစိုးရိမ်ပူပန်မှုများ တိုးပွားလာမှုကို ဥရောပသမဂ္ဂ ပါလီမန် ၏ ဆုံးဖြတ်ချက်က ထင်ဟပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်အစိုးရ၏ ပြုမူချက်များ သည် ဒီမိုကရေစီစနစ် ဖေါ်ဆောင်ရေးကို ငြင်းပယ်ခြင်းထက် ပိုသည်သာမက လူသားမဆန် ကျူးလွန်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ နှင့် ဖြစ်နိုင်ဖွယ်ရှိသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ အပါအဝင် နိုင်ငံတကာလူသားချင်း ဆိုင်ရာဥပဒေ၊ လူ့အခွင့်ရေးဆိုင်ရာဥပဒေ အစရှိသောဥပဒေများကို ဖေါက်ဖျက် ကျူးလွန်နေခြင်း ဖြစ်သည်။ <u>**ကျွန်ုပ်တို့ အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပဋိညာဉ်အမှတ်( ၇ ) ၏ အခွင့်အာဏာဖြင့် မြန်မာစစ်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျူးလွန်သော ဆိုးရွားသည့် ရာဇဝတ်ပြစ်မှုများကို အဆုံးသတ်စေရန် တိုက်တွန်းလိုက်ပါသည်။**</u>

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ ၏ အောက်တိုဘာလ၊ ၂၀၀၇ ခုနှစ် ထုတ်ပြန်ချက်တွင် ငြိမ်းချမ်းစွာ ဆန္ဒဖေါ်ထုတ်သော ရဟန်းတော်များအား အင်အားသုံး နှိပ်ကွပ်မှုကို ရှုတ်ချခဲ့သော်လည်း မြန်မာစစ်အစိုးရ၏ မတရား ဖမ်းဆီးမှု၊ ထောင်သွင်းအကျဉ်းချမှု၊ ညှဉ်းပမ်းနှိပ်စက်မှုများဆက်လက်ကျူးလွန်နေခြင်းသည် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ နှင့် နိုင်ငံတကာ တရားဥပဒေကို မထီမဲ့မြင် ပြုလုပ်ခြင်းဖြစ်သည်။ စင်စစ် နိုင်ငံတကာ နှင့် ဒေသဆိုင်ရာ နိုင်ငံများ အနေဖြင့် ဆယ်စုနှစ် နှစ်ခုအတွင်း စစ်အစိုးရ နှင့် ညှိနှိုင်းသည့် နည်းလမ်းမျိုးစုံ ကို သုံးခဲ့ပြီး ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကော်မရှင်တို့က ရှုတ်ချပြီး လိုက်နာစေရန် ဆုံးဖြတ်ချက်ပေါင်း(၃၀) အပါအဝင်အခြား ကြိုးပမ်းဆောင်ရွက်မှုအားလုံး အရာမထင် မအောင်မြင်ခဲ့ပေ။ ၁၉၉၀ ပြည့်နှစ်မှ စ၍ ယနေ့အထိ ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် ( ၇ ) ဦး ရှိခဲ့ပြီး ဖြစ်သည်။ ၂၀၀၀ နှင့် ၂၀၀၆ ခုနှစ် အကြား တာဝန်ထမ်းဆောင် ခဲ့သည့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Mr. Razali Ismail အနေဖြင့် မြန်မာပြည်သို့ အကြိမ်(၂၀) ကျော် သွားရောက်၍ စစ်အစိုးရ နှင့် ညှိနှိုင်းရန် ကြိုးပမ်းခဲ့ပြီးနောက် သူ၏ နှုတ်ထွက်စာ၌ သူမအောင်မြင်ကြောင်း ဝန်ခံခြင်းသာ အကောင်းဆုံးဖြစ်လိမ့်မည် ဟု ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များဖြစ်သော - အီရတ် အစိုးရက အရပ်သားများကို ညှဉ်းပမ်းနှိပ်ကွပ်မှုသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိခိုက်စေနိုင်သည်ဟူသောရှုတ်ချသည့်၁၉၉၁ ခုနှစ်ဆုံးဖြတ်ချက်၊ နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ တရားခုံရုံး ဆက်လက်ထူထောင် ခွင့်ပြုခြင်း ဆုံးဖြတ်ချက်၊ ဆူဒန်နိုင်ငံ ဒါဖါ ဒေသ ၏ အခြေအနေအရပ်ရပ်ကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားခုံရုံး သို့ လွှဲပြောင်းစေခဲ့သော ဆုံးဖြတ်ချက်များ - ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာစစ်အစိုးရက ဦးဆောင်ကျူးလွန်သော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ရည်ညွှန်း ဖော်ပြနိုင်သည်။ အထောက်အထားအပြည့်အဝရှိသော မြန်မာစစ်တပ်၏ အမျိုးသမီးများအပေါ် လိင်မှုဆိုင်ရာ ကျူးလွန်မှုများ ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် - ၁၃၂၅ အရ အရေးယူနိုင်သည်။ အရပ်သားများကို လက်နက်ကိုင် ပြဿနာများအကြားမှ အကာအကွယ်ပေးသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ " အကာအကွယ်ပေးရန်တာဝန်ရှိမှု " ဆုံးဖြတ်ချက် အမှတ် - ၁၆၇၄ အရလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ က အရေးယူရမည် ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပဋိညာဉ် အမှတ်( ၇ ) ၏ အခွင့်အာဏာ အရ မြန်မာစစ်အစိုးရ၏ နိုင်ငံတကာတရားဥပဒေနှင့် ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများကို အရေးယူရန်ဆုံးဖြတ်ချက်သည် ကမ္ဘာ့လူ့အဖွဲ့အစည်း၏ လူသားတာဝန်၊ ဥပဒေတာဝန် ဖြစ်သည်။ ဤကျူးလွန်မှုများအားလုံးကို အဆုံးသတ်စေခြင်းသည် ကျူးလွန်ခံရသူ မြန်မာပြည်သားများ၏ အခြေခံအကျဆုံး အခွင့်အရေးကို ရရှိစေခြင်း ဖြစ်သည့်အပြင် ကမ္ဘာပေါ်၌ တရားမျှတမှု ဖော်ဆောင်ရေးအတွက် ထိရောက်သော ဆောင်ရွက်ချက်လည်း ဖြစ်သည်။


**Contact : Gaël Grilhot**
Tel : +33-1 43 55 90 19
Website : http://www.fidh.org
Email :
ggrilhot@fidh.org

**Contact: Andrea Friedman, Esq**
Tel: 212-725-6530 x203
Cell: 617-970-9168
Website: www.globaljusticecenter.net
Email: afriedman@globaljusticecenter.net

**Contact: U Aung Htoo**
Cell: 66 (0) 81 533 0605

Website: www.blc-burma.org
Email: blcsan@ksc.th.com